# ကိုရိုနာဗိုင်းရပ်စ်ပိုးသည် လေထုထဲတွင် သုံးနာရီကျော် အသက်ရှင်သန်နိုင်သည်ဟု သုတေသီများဆို





**ဝါရှင်တန် မတ် ၁၈**

ကမ္ဘာတစ်ဝန်းပျံ့နှံ့လျက်ရှိသော ကိုရိုနာဗိုင်းရပ်စ်ပိုးသည် လေထဲတွင် သုံးနာရီကျော်ကြာ ရှင်သန်နိုင်ကြောင်းနှင့် ဗိုင်းရပ်စ်ကူးစက်မှုမှာ လေထဲမှ အများဆုံးဖြစ်နိုင်ဖွယ်ရှိကြောင်း အမေရိကန်သုတေသီများက ပြောကြားခဲ့သည်။

အမျိုးသားကျန်းမာရေးအင်စတီကျူ၊ ရောဂါထိန်းချုပ်ရေးနှင့်ကာကွယ်ရေးစင်တာများ အပါအဝင် အခြားဆေးပညာအဖွဲ့အစည်းများမှ သုတေသနပညာရှင်များ ပါဝင်သောသုတေသီအဖွဲ့တစ်ဖွဲ့က အထက်ပါတွေ့ရှိချက်ကို နယူးအင်္ဂလန်ဆေးပညာမဂ္ဂဇင်းတွင် မတ် ၁၇ ရက်က ရေးသားဖော်ပြခဲ့သည်။

သုတေသီများက လေသန့်ဆေးရည်ဘူးကို အသုံးပြုကာ သန့်စင်သောလေအဖွဲ့အစည်းတစ်ခုကို ဖန်တီးပြီး ဗိုင်းရပ်စ်ပိုးများပါဝင်သော ရေငွေ့များကို ပျံ့နှံ့စေခဲ့ရာ အဆိုပါဗိုင်းရပ်စ်ပိုးများသည် လေထုထဲတွင် သုံးနာရီကျော် အသက်ရှင်သန်နိုင်ကြောင်း တွေ့ရှိခဲ့သည်။

ရောဂါပိုးရှိသူတစ်ဦး နှာချေခြင်းနှင့်ချောင်းဆိုးခြင်းတို့မှ ထွက်ရှိလာသော အရည်အစက်များသည် မြေပြင်ပေါ်သို့ တိုက်ရိုက်ကျရောက်သွားသော်လည်း သေးငယ်သော အမှုန်အမွှားလေးများသည် လေထုထဲတွင် အချိန်အတော်ကြာ ကျန်ရစ်နေမည်ဖြစ်သည်။

ထို့ကြောင့် ရောဂါရှိသူများနှင့် ထိတွေ့ဆက်ဆံသည့်အခါတွင် ကျန်းမာရေးလုပ်သားများအနေဖြင့် မျက်နှာဖုံးများကို စနစ်တကျဝတ်ဆင်ထားရန် လိုအပ်သည်ဟု ဆေးပညာရှင်သုတေသီအဖွဲ့က ဆိုသည်။ **ကိုးကား–အင်န်အိတ်ချ်ကေ ဘာသာပြန်–အောင်ကျော်ကျော်**

# ကိုရိုနာဗိုင်းရပ်စ်လူနာများအား ဆေးကုသရာတွင် အေဗီဂန်တုပ်ကွေးရောဂါပျောက်ဆေးကို သုံးစွဲမည်ဟု တရုတ်အစိုးရ အတည်ပြု

**ပေကျင်း မတ် ၁၈**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ လူနာများကို ဆေးကုသမှုပေးရာတွင် ဂျပန်နိုင်ငံမှ ထုတ်လုပ်သော အအေးမိတုပ်ကွေးရောဂါကုသဆေးဖြစ်သည့် အေဗီဂန် (Avigan)ကို အသုံးပြုမည်ဖြစ်ကြောင်း တရုတ်အစိုးရက ယနေ့ပြောကြားခဲ့သည်။

အေဗီဂန် တုပ်ကွေးရောဂါကုသဆေးသည် ကိုရိုနာဗိုင်းရပ်စ်လူနာများအား ဆေးကုသမှုပေးရာတွင် ထိရောက်မှုအရှိဆုံးဖြစ်သည်ဟု ဆေးပညာအဖွဲ့နှစ်ဖွဲ့၏ လက်တွေ့စမ်းသပ်ချက်ရလဒ်များအပေါ် အခြေခံကာ တရုတ်အမျိုးသားဇီဝနည်းပညာဖွံ့ဖြိုးမှုစင်တာမှ ဒါရိုက်တာ ဇန်ရှီမင်က မတ် ၁၇ ရက်က ပေကျင်း၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

ဝူဟန်နှင့် ရှန်ကျန်းမြို့များတွင် အေဗီဂန်တုပ်ကွေးရောဂါကုသဆေးကို အသုံးပြုပြီး ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၂၀ အား သီးခြားဆေးကုသမှုများပေးခဲ့သည်ဟု ဒါရိုက်တာ ဇန်ရှီမင်က ဆက်လက်ပြောကြားခဲ့သည်။

အေဗီဂန်ဆေးသောက်သုံးသောလူနာများသည် သာမန်ကိုယ်အပူချိန်သို့ ပြန်လည်ရောက်ရှိရန် နှစ်ရက်ခွဲခန့်ကြာမြင့်ပြီး အေဗီဂန်ဆေးသောက်သုံးထားခြင်းမရှိသော လူနာများသည် သာမန်ကိုယ်အပူချိန်သို့ ရောက်ရှိရန် လေးရက်ခန့်ကြာမြင့်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

ထို့ပြင် အေဗီဂန်ဆေးသောက်သုံးမှုမရှိသော လူနာများသည် ချောင်းဆိုးဝေဒနာကို ခြောက်ရက်ခန့်အကြာမှ သက်သာမှုရှိနိုင်ပြီး ဆေးသောက်သုံးထားသောလူနာများသည် လေးရက်ခွဲခန့်အကြာတွင် သက်သာနိုင်သည်ကို စစ်ဆေးတွေ့ရှိရသည်။ အေဗီဂန်ဆေးသည် လူနာများအတွက် ဘေးထွက်ဆိုးကျိုးပေးမှုများမရှိကြောင်း ဒါရိုက်တာ ဇန်ရှီမင်က ပြောကြားခဲ့သည်။

ရှန်ကျန်းမြို့တွင် ပြုလုပ်ခဲ့သော စမ်းသပ်မှုများအရ အေဗီဂန်ဆေးသောက်သုံးထားသော ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ လူနာများသည် လေးရက်ခန့်အကြာတွင် ဗိုင်းရပ်စ်ပိုးကူးစက်ခံရမှုလက္ခဏာများ ပျောက်ကွယ်သွားသည်ဟု စစ်ဆေးတွေ့ရှိရသည်။

စစ်ဆေးတွေ့ရှိချက်များအရ အေဗီဂန်ဆေးသောက်သုံးထားသော လူနာများအနက် ၉၁ ရာခိုင်နှုန်းခန့်သည် အဆုတ်ကျန်းမာရေးအခြေအနေများ တိုးတက်ကောင်းမွန်လာသည်ကို ဓာတ်မှန်မှတ်တမ်းများအရ သိရသည်။

**ကိုးကား–အင်န်အိတ်ချ်ကေ၊ ဘာသာပြန်–အောင်ကျော်ကျော်**

# ဗီယက်နမ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၆၆ ဦးအထိ မြင့်တက်လာ

**ဟနွိုင်း မတ် ၁၈**




ဗီယက်နမ် ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူအရေအတွက်မှာ အင်္ဂါနေ့က ကူးစက်ခံရသူ ငါးဦးထပ်မံတွေ့ရှိရသဖြင့် စုစုပေါင်း ရောဂါကူးစက်သူအရေအတွက်မှာ ၆၆ ဦးရှိသည်ဟု အတည်ပြုခဲ့ကြောင်း သိရသည်။

ယခုနောက်ဆုံး ကိုရိုနာဗိုင်းရပ်စ် ရောဂါကူးစက်ခံရသူများမှာ ဗြိတိန်မှ ပြန်လာသော ကျောင်းသားနှစ်ဦးနှင့် တောင်ပိုင်း ဟိုချီမင်းမြို့တော်မှ သုံးဦးတို့ဖြစ်သည်။ ဟိုချီမင်းမြို့တွင် ကိုရိုနာဗိုင်းရပ်စ်တွေ့ရှိသူ အသက် ၃၆ နှစ်အရွယ်ရှိ အမျိုးသမီးမှာ ဆွစ်ဇာလန်နိုင်ငံမှ ဒူဘိုင်းသို့သွားရောက်ပြီး မတ် ၁၂ ရက်တွင် ဗီယက်နမ်နိုင်ငံသို့ ပြန်လာခဲ့သူဖြစ်သည်။ အသက် ၂၈ နှစ်အရွယ် အမျိုးသမီးတစ်ဦးမှာလည်း ကိုရိုနာဗိုင်းရပ်စ် တွေ့ရှိသူ လူနာများနှင့် နီးနီးကပ်ကပ် ထိတွေ့ဆက်ဆံခဲ့သဖြင့် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခြင်းခံခဲ့ရသည်။ အသက် ၂၁ နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးမှာလည်း အမေရိကန်မှ ကနေဒါသို့ သွားရောက်ခဲ့ပြီး ဗီယက်နမ်နိုင်ငံသို့ တနင်္လာနေ့တွင် ပြန်လာခဲ့ရာတွင် ကိုရိုနာဗိုင်းရပ်စ်ရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

ဗီယက်နမ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်တွေ့ရှိသူ ၆၆ ဦးအနက် ၁၆ ဦးမှာ ရောဂါပြန်လည်သက်သာလာသဖြင့် ဆေးရုံမှဆင်းခဲ့သည်။ ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ရှိသည်ဟု ယူဆရသော သံသယလူနာ ၁၂၆ ဦးရှိပြီး ၃၁၆၅၉ ဦးကို သီးခြားစောင့်ကြည့်လူနာများအဖြစ် အင်္ဂါနေ့က သတ်မှတ်ခဲ့ကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ပြည်သူများနှင့်သက်ဆိုင်သော နေရာများတွင် လူထုစုဝေးပွဲများမပြုလုပ်ရန်နှင့် မျက်နှာဖုံးများစနစ်တကျ တပ်ဆင်ရန် ပြည်သူများအား ညွှန်ကြားထားသည်။ ဗုဒ္ဓဟူးနေ့မှ စတင်ပြီး ရက်ပေါင်း ၃၀ အတွင်း နိုင်ငံခြားသားများအား ဗီဇာထုတ်ပေးခြင်းကို ရပ်ဆိုင်းထားသော်လည်း သံတမန်များနှင့် အစိုးရအရာရှိများကိုမူ ခြွင်းချက်အနေဖြင့် ထုတ်ပေးသွားမည်ဟု ဗီယက်နမ်နိုင်ငံက ပြောကြားသည်။ **ကိုးကား–ဆင်ဟွာ ဘာသာပြန်–စိုးသူရ**

# ကိုရိုနာဗိုင်းရပ်စ်လူနာအသစ် နှစ်ဦးတွေ့ရှိကြောင်း ကမ္ဘောဒီးယား အတည်ပြု

**ဖနောင်ပင် မတ် ၁၈**

ကမ္ဘောဒီးယားနိုင်ငံအတွင်း၌ မလေးရှားနိုင်ငံသားနှစ်ဦး ကိုဗစ်–၁၉ ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသည်ဟု ထပ်မံစမ်းသပ်တွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ စုစုပေါင်း ၃၅ ဦးရှိကြောင်း ကမ္ဘောဒီးယားနိုင်ငံက ဗုဒ္ဓဟူးနေ့က အတည်ပြုသည်။

ဓာတ်ခွဲခန်းရလဒ်များက မလေးရှားနိုင်ငံသားနှစ်ဦးသည် ကိုဗစ်–၁၉ ဗိုင်းရပ်စ်ပိုးကူးစက်ခံရသည်ဟု ဖော်ပြခဲ့ကြောင်း၊ မတ် ၁၈ ရက် နံနက်အထိ နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် အတည်ပြုလူနာအရေအတွက် စုစုပေါင်းသည် ၃၅ ဦးအထိရောက်ရှိလာကြောင်း၊ အဆိုပါ ဗိုင်းရပ်စ်ကူးစက်ခံရသူ လူနာနှစ်ဦးသည် မလေးရှားနိုင်ငံမှ ကမ္ဘောဒီးယားနိုင်ငံသို့ လာရောက်သူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် အော်ဗန်ဒိုင်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဗိုင်းရပ်စ်ကူးစက်ခံရသူလူနာ ၃၅ ဦးမှာ တရုတ်အမျိုးသားတစ်ဦး၊ ဗြိတိန်နိုင်ငံသား သုံးဦး၊ မလေးရှားလူမျိုး ငါးဦး၊ ပြင်သစ်နိုင်ငံသားနှစ်ဦး၊ ကနေဒါအမျိုးသားတစ်ဦး၊ ဘယ်လ်ဂျီယံအမျိုးသားတစ်ဦးနှင့် ကမ္ဘောဒီးယားအမျိုးသား ၂၂ ဦးတို့ဖြစ်ကြောင်း ဗန်ဒိုင်းက ပြောကြားသည်။

တရုတ်အမျိုးသားသည် ပြန်လည်ကျန်းမာလာ၍ တရုတ်နိုင်ငံသို့ ပြန်သွားပြီဖြစ်ကြောင်း၊ ကျန်လူနာများကို ဆေးကုသမှုခံယူရန်အတွက် သတ်မှတ်ထားသည့် ဆေးရုံများရှိ အခန်းများတွင် သီးခြားထားရှိကြောင်း ဗန်ဒိုင်းက ဆက်လက်ပြောကြားသည်။ **ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အောင်ဇော်လင်း**

# အိန္ဒိယနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် လူနာ ၁၄၇ ဦးရှိလာ

**နယူးဒေလီ မတ် ၁၈**

မတ် ၁၇ ရက်က အိန္ဒိယနိုင်ငံတစ်ဝန်းရှိ COVID–19 ရောဂါကူးစက်ခံရသူ လူနာဦးရေမှာ ၁၃၇ ဦးသာရှိသော်လည်း မတ် ၁၈ ရက်တွင် အဆိုပါ ရောဂါကူးစက်ခံရသူ လူနာဦးရေ ၁၄၇ ဦးအထိ ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ ယနေ့အထိ COVID–19 ရောဂါ ကူးစက်ခံရသူလူနာဦးရေမှာ ၁၄၇ ဦးရှိပြီး ၎င်းတို့အနက် ၁၂၂ ဦးမှာ အိန္ဒိယနိုင်ငံသားများဖြစ်ပြီး ၂၅ ဦးမှာ နိုင်ငံခြားသားများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံအတွင်း COVID–19 ရောဂါကူးစက်ပျံ့နှံ့မှု အများဆုံးပြည်နယ်မှာ မဟာရာ့ရှ်ထရာပြည်နယ်ဖြစ်ပြီး ယင်းပြည်နယ်တစ်ခုတည်းတွင် ရောဂါကူးစက်ခံရသူဦးရေမှာ ၃၈ ဦးရှိသည်။ ထို့အတူ ကယ်ရားလားပြည်နယ်တွင် ရောဂါကူးစက်ခံရသူ ၂၅ ဦး၊ အူတာပရာဒေ့ရှ်ပြည်နယ်တွင် ၁၅ ဦးနှင့် ကာနာတာကာပြည်နယ်တွင် ၁၁ ဦး စသည်ဖြင့် ရောဂါကူးစက်ခံခဲ့ရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

သို့သော် လူနာ ၁၄ ဦးသည် ၎င်းတို့၏ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသောကြောင့် ဆေးရုံမှပြန်ဆင်းခဲ့သည်။ COVID–19 ရောဂါကြောင့် အိန္ဒိယနိုင်ငံတွင် လူသုံးဦးသေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–ဂျေတီ**

# သြစတြေးလျတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ခြောက်ဦးအထိရှိလာ

**ဆစ်ဒနီ မတ် ၁၈**

အသက် ၈၆ နှစ်အရွယ် အမျိုးသားတစ်ဦးမှာ သြစတြေးလျနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသည့် ဆဋ္ဌမမြောက်ပုဂ္ဂိုလ်ဖြစ်လာခဲ့ကြောင်း နယူးဆောက်ဝေးပြည်နယ်မှ ကျန်းမာရေးအာဏာပိုင်များက ယနေ့ သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါလူနာမှာ ယမန်နေ့ညက ဆစ်ဒနီမြို့ရှိ ဆေးရုံတစ်ရုံ၌ ကွယ်လွန်ခဲ့ပြီး တာဝန်ရှိသူများက သူ၏မိသားစုနှင့် သူငယ်ချင်းများထံ ဝမ်းနည်းကြောင်း ပြောကြားခဲ့သည်။ နယူးဆောက်ဝေးပြည်နယ်က ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးမှုကို မှတ်တမ်းတင်ခဲ့ပြီး တစ်နိုင်ငံလုံး၌ အတည်ပြုထားသော ကူးစက်မှု ၅၀၀ ကျော်၏ထက်ဝက်ကျော်မှာ အဆိုပါပြည်နယ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

နယူးဆောက်ဝေးပြည်နယ်တွင် ယမန်နေ့တစ်ရက်အတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု ၅၇ မှု ထပ်မံတွေ့ရှိခဲ့ရာ ကူးစက်မှု စုစုပေါင်း ၂၆၇ မှုအထိ ရှိလာခဲ့ကြောင်း ပြည်နယ်ကျန်းမာရေးဌာနအကြီးအကဲ ဒေါက်တာ ကယ်ရီချန့်က ပြောကြားသည်။ "ကျွန်မတို့စစ်ဆေးမှု ၂၅၀၀၀ ကျော်လုပ်ဆောင်ခဲ့ပြီး နေ့စဉ်လူအရေအတွက် တိုးမြှင့်စစ်ဆေးမှာဖြစ်ပါတယ်"ဟု ကယ်ရီက ပြောသည်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှု များပြားလာခြင်းကြောင့် ကူးစက်ခံရသည့် နောက်ကြောင်းကို ခြေရာခံရန် ပိုခက်ခဲလာကြောင်း ၎င်းက ဆိုသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–ကျော်ထိုက်စိုး**

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၇ ရက် ညပိုင်းတွင် နမ့်ခမ်းမြို့နယ် ကောင်းဝိန်းကူးတို့ဆိပ်အနီး နမ့်ခမ်း – ကောင်းဝိန်း ကားလမ်းတွင် ဒေါ်နန်းဆိုင်အောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ၎င်း၏ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ် ဆေးပြား ၃၆၀၀၊ ဘိန်းစိမ်း ၁ ဒသမ ၂ ကီလိုနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။



ဖီးခေါင်၊ ယာညျှုးတို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ် ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ထို့ပြင် မတ် ၁၆ ရက် ညပိုင်းတွင် မိုင်းရှူးမြို့နယ် မိုင်းအော့ ကျေးရွာအနီး ဝမ်ကျောင်း – မိုင်းအော့ ကျေးရွာလမ်းပေါ်တွင် ကျလဲမောင်းနှင်ပြီး စိုင်းအွတ် လိုက်ပါလာသည့် မော်တော်ယာဉ်ကို တပ်မတော်က ရှာဖွေစစ်ဆေးရာ ယာဉ်နောက်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၀ နှင့် ငွေကျပ် ငါးသိန်းတို့ကိုလည်းကောင်း၊ မတ် ၁၇ ရက် မွန်းလွဲပိုင်းတွင် တာချီလိတ်မြို့နယ် လွယ်တော်ခမ်း ကျေးရွာအုပ်စု တာချီလိတ် – မိုင်းဆတ် ကားလမ်း မယ်ဆိုင်ချောင်းဘေးရှိ တောင်ယာတဲအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား အကြေ ၁ ဒသမ ၁ ကီလို၊ Ruger အမျိုးအစား ၉ မမ ပစ္စတိုတစ်လက်၊ ကျည်အိမ်တစ်ခုနှင့် ကျည် ၁၂ တောင့် တို့ကိုလည်းကောင်း၊ တာချီလိတ်မြို့ နယ် မိုင်းကိုးကျေးရွာ အုပ်စု ဆန်ဆိုင်းကျေးရွာအနီး ကျိုင်းတုံ – တာချီလိတ် ကားလမ်းတွင် ယာညျှုးနှင့် ဖီးခေါင်တို့ မောင်းနှင် လာသည့် ဆိုင်ကယ်များကို ရပ်တန့် ရှာဖွေရာ ယာညျှုးမောင်းနှင်လာသည့် ဆိုင်ကယ် တူးဘောက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထား ကြောင်း သိရသည်။

**ရဲပြန်ကြား**

**လက်ပံတန်း**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ မြို့မရဲစခန်းမှူး ဒု–ရဲမှူးမျိုးညွန့်၏ အနီးကပ်ကြီးကြပ်မှုဖြင့် တပ်ဖွဲ့ဝင်များက မတ် ၁၅ ရက် ညနေ ၄ နာရီခန့်တွင် ရန်ကုန်–ပြည်ကားလမ်း မိုင်တိုင် (၈၇/၃)(၈၇/၄) လမ်းကြားတွင်ရပ်နေသူ ကျော်မျိုးထွန်း(ခ) ဖားကြီး မြို့သစ်လမ်း ရွာကြီးကုန်းရပ်ကွက် သာယာဝတီမြို့နယ်နေသူအား ရှာဖွေစစ်ဆေးရာ စိတ်ကြွရူးသွပ် ဆေးပြား၃၉ပြားတို့ကို ရှာဖွေသိမ်းဆည်း ရမိခဲ့သဖြင့် ကျော်မျိုးထွန်း(ခ)ဖားကြီး အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်း လဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ အရ အမှုဖွင့်ထားကြောင်း သိရသည်။

**အောင်ဆင့်**

# လှည်းကူးမြို့နယ်၌ ကျေးလက်နေပြည်သူများအား မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

**လှည်းကူး မတ် ၁၈**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်အတွင်း သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရေးအတွက် ကျေးလက်နေပြည်သူများအား မှုခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းပပျောက်ရေးအသိပညာပေးဟောပြောပွဲကို မတ် ၁၃ ရက်က ညောင်နှစ်ပင်ကျေးရွာ ငြိမ်းချမ်းသာယာကွက်သစ် လူမှုအထောက်အကူပြု အဖွဲ့ရုံး၌ ကျင်းပသည်။

ဟောပြောပွဲတွင် ညောင်နှစ်ပင်(ဂ)နယ်မြေရဲစခန်းမှူး ရဲအုပ်သိန်းခင်အုန်းက ကျေးလက်နေပြည်သူများအား မူးယစ်ဆေးဝါး၏ သားကောင်မဖြစ်စေရန် သတိပြုရှောင်ကြဉ်ရမည့် အချက်များ၊ မှုခင်းဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ်များ၊ သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားမှုမရှိစေရေးအတွက် ကျေးလက်နေပြည်သူများ အနေဖြင့် သတိပြုလိုက်နာရန်အချက်တို့ကို အသိပညာပေးဟောပြောခဲ့သည်။ ဟောပြောပွဲသို့ လူမှုအထောက်အကူပြု အဖွဲ့ရုံးဥက္ကဋ္ဌ ဦးမျိုးခိုင်နှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးလက်နေပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**နိုင်လင်း (လှည်းကူး)**



မတ် ၁၆ ရက်က ဥတ္တရသီရိရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ နေပြည်တော် ဥတ္တရသီရိမြို့နယ် ဘုရားကုန်း မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်မြင့်စိုး ပြည်သူများအား လူသတ်မှု၊ မုဒိမ်းမှုများ လျော့နည်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းများ ပညာပေး ဟောပြောစဉ်။ **အောင်ကို**

# ကရသူရိမြို့၌ ကားနှင့် ဆိုင်ကယ်တိုက်မိ၊ နှစ်ဦးသေဆုံး

**ကရသူရိ မတ် ၁၈**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ကရသူရိမြို့ ကျောက်ထနောင်းကျေးရွာ ဘုတ်ပြင်း– ကော့သောင်းပြည်ထောင်စုလမ်းမကြီး မိုင်တိုင် အမှတ်(၁၈၂/၅)နှင့်(၁၈၂/၆)အကြားတွင် ယမန်နေ့ ညနေ ၄ နာရီခန့်က ကားနှင့်ဆိုင်ကယ် မျက်နှာချင်း ဆိုင်တိုက်မိသဖြင့် နှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ နယ်မြေရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ကော့သောင်းမြို့မှဘုတ်ပြင်းမြို့သို့ ယာဉ်မောင်း ဖြိုးသူရဟိန်း မောင်းနှင်လာသည့်ယာဉ်နှင့် ဘုတ်ပြင်းမြို့မှ ကော့သောင်းမြို့သို့ ဦးကျော်မြင့်သန်းမောင်းနှင်ပြီး ဦးကျော်ကျော်မင်းထိုက်လိုက်ပါလာသည့် ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိသဖြင့် ဦးကျော်မြင့်သန်းနှင့် ဦးကျော်ကျော်မင်းထိုက် ရေးကြီးကျေးရွာ ဘုတ်ပြင်းမြို့နယ်နေသူတို့မှာ ဒဏ်ရာများရရှိပြီး သေဆုံးသွားခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှု ဖြစ်စဉ်နှင့်ပတ်သက်၍ ဖြိုးသူရဟိန်းနှင့် ဦးကျော်မြင့်သန်းတို့အား ကရသူရိနယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးဝင်း(ပြန်/ဆက်)**



# ဂျပန်ကုမ္ပဏီတစ်ခုက မြန်မာနိုင်ငံမှ စိန်တလုံးသရက်သီးတန်ချိန် ၁၂၀၀ ဝယ်ယူရန် သရက်စိုက်တောင်သူများနှင့် စာချုပ်ချုပ်

**မန္တလေး မတ် ၁၈**

ယခုနှစ်သရက်သီးရာသီချိန်တွင် မြန်မာနိုင်ငံမှ ထွက်ရှိသော စိန်တလုံးသရက်သီးတန်ချိန် ၁၂၀၀ အား ဝယ်ယူရန် သရက်ထွက်ရှိသည့်ဒေသများမှ သရက်စိုက်တောင်သူများနှင့် ဂျပန်နိုင်ငံ YUKIOK Myanmar Co.,Ltd မှ စာချုပ်ချုပ်လျက်ရှိကြောင်း မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း အတွင်းရေးမှူး ဦးကျော်စိုးနိုင်ထံမှ သိရသည်။

အဆိုပါ YUKIOK Myanmar Co.,Ltd သည် မြန်မာနိုင်ငံရှိ သရက်သီးထွက်ရှိသည့်ဒေသများသို့ ကွင်းဆင်းကာ သရက်စိုက်တောင်သူများနှင့်တွေ့ဆုံ၍ ယခုနှစ် သရက်သီးရာသီချိန်တွင် ထွက်ရှိလာမည့် သရက်သီးများကို ဝယ်ယူရန်အတွက် နှစ်ဦးသဘောတူ စာချုပ်ချုပ်ဆိုလျက်ရှိကြောင်း သိရသည်။

"သရက်စိုက် တောင်သူတွေအနေနဲ့ ဝမ်းသာစရာသတင်းဖြစ်သလို အခွင့်အလမ်းတစ်ခုပေါ်လာတာလည်း ဖြစ်ပါတယ်။ အဲဒီကုမ္ပဏီက တန်ချိန်တော်တော်များများ ဝယ်ယူမှာပါ။ ရန်ကုန်မှာ စက်ရုံဆောက်ပြီး ဝယ်ယူတဲ့ သရက်သီးတွေကို အနှစ်ထုတ်ပြီးတော့ နိုင်ငံခြားတင်ပို့သွားမှာဖြစ်ပါတယ်။ ဒီလမှာစတင်ပြီး မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် မြောင်းသစ်ကျေးရွာက သရက်ခြံတောင်သူနဲ့ စတင်စာချုပ်ချုပ်ဆိုခဲ့ပါတယ်။ ကျောက်ဆည်မြို့နဲ့ စစ်ကိုင်းတိုင်းဒေသကြီး ညောင်ပင်ဝန်းဒေသမှာလည်း သွားရောက်ချုပ်ဆိုနေပါတယ်။ အခြားမြို့တွေက သရက်စိုက်တောင်သူတွေနဲ့လည်း သွားရောက်စာချုပ်ချုပ်ဆိုဖို့ရှိပါတယ်။ နိုင်ငံတကာမှာ မြန်မာ့သရက်သီးကို မြည်းစမ်းကြည့်ခွင့်ရတော့မှာပါ"ဟု မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောသည်။

အဆိုပါ ကုမ္ပဏီ မှ သရက်စိုက်တောင်သူများနှင့်သရက်သီးဝယ်ယူရန် နှစ်ဦးသဘောတူ စာချုပ်ချုပ်ဆိုရာတွင် သတ်မှတ်ထားသော ဈေးနှုန်းနှင့် အလေးချိန်တို့မှာ 200 gm မှ 250 gm အတွင်း ငွေကျပ် ၄၅၀၀၀၀၊ 251 gm မှ 300 gm ငွေကျပ် ၄၈၀၀၀၀၊ 301 gm မှ 380 gm အတွင်း ငွေကျပ် ၆၃၀၀၀၀၊ 381 gm မှ 450 gm အတွင်း ငွေကျပ် ၈၁၀၀၀၀ နှင့် 451 gm နှင့်အထက် ငွေကျပ် ကိုးသိန်းဖြင့် သရက်သီးအရွယ်အစားပေါ်မူတည်၍ ဝယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မှာ ထူးခြားတာက သရက်ခြံတောင်သူတွေက အိတ်စွပ်စရာမလိုတဲ့အတွက် အလုပ်သမားခနဲ့အိတ်ဖိုး သက်သာသွားမယ်၊ တရုတ်ဈေးကွက်သွားမယ့်အဖွဲ့ကလည်း သွားဖို့ပြင်ဆင်နေပါတယ်၊ ဒီနှစ်တော့ ဂျပန်နိုင်ငံမှ ကုမ္ပဏီက ဝယ်ယူဖို့ စာချုပ်ချုပ်ဆိုလာတဲ့ အတွက် သရက်စိုက်တောင်သူတွေ လမ်းကြောင်းတစ်ခု ထပ်တိုးလာတဲ့အတွက် ဝမ်းသာစရာပါ"ဟု ၎င်းက ဆက်လက်ပြောပြသည်။

တောင်သူတွေအနေဖြင့် အိတ်စွပ်ဈေးကတစ်မျိုး၊ အိတ်မစွပ်ဈေးကတစ်မျိုးဖြစ်သွားမည်ဖြစ်သည်။ ယခင်က အိတ်စွပ်မှတန်းဝင်သော်လည်း ယခုအိတ်မစွပ်ဘဲနှင့် တန်းဝင်သည့်အတွက်ကြောင့် တောင်သူများအတွက် သရက်သီးဈေးကွက် အနေအထား ပိုကောင်းလာပြီး အခွင့်အလမ်းများ ပိုကောင်းလာမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ ကုမ္ပဏီက သရက်သီးများ ဝယ်ယူလာသည့်အပေါ် သရက်စိုက်တောင်သူများအနေဖြင့် အရည်အသွေးပြည့်မီသောသရက်သီးများသာ ရောင်းချစေလိုကြောင်း၊ အကယ်၍ အရည်အသွေးမကောင်းသည့် သရက်သီးများနှင့် တခြားသရက်သီးများ ညှပ်လိုက်ပါက နောက်နှစ်များတွင် လာရောက်ဝယ်ယူမှု ခက်ခဲသွားမည်ဖြစ်ကြောင်း၊ တစ်နှစ်တည်းနှင့်လန်သွားရင် နောက်နှစ်တွေမှာ ဈေးနှိမ်တာ၊ ဈေးလျှော့ဝယ်တာများဖြစ်လာနိုင်ကြောင်း၊ စိန်တလုံးသရက်ဆိုရင် စိန်တလုံးသရက်ပဲ မှန်မှန်ကန်ကန် ရောင်းချစေလိုကြောင်း ဦးကျော်စိုးနိုင်က ပြောသည်။

သရက်သီးရောင်းချသည့်တောင်သူများသည် ရာသီဥတုဆိုးရွားမှုကြောင့် သီးနှံပျက်မှုမှလွဲ၍ (ဥပမာ မိုးသီးကြွေကျခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း) မိမိတို့ သဘောတူထားသည့် စာချုပ်အတိုင်း သတ်မှတ်ထားသော သရက်သီးတန်ချိန်ကို သတ်မှတ်ရက်အတွင်း ပြည့်မီအောင် ရောင်းချရမည်ဖြစ်ကြောင်း၊ မရောင်းချနိုင်ပါက နောင်အခါတွင် ဝယ်ယူခွင့်လျှော့ချခြင်း(သို့) ဝယ်ယူခွင့်ရုပ်သိမ်းခြင်းတို့ကို သရက်သီးဝယ်ယူသူက ဆုံးဖြတ်နိုင်ကြောင်း သိရသည်။

မြန်မာ့သရက်ဈေးကွက်တွင် စိန်တလုံး၊ ရွှေဟင်္သာ၊ ရင်ကွဲ၊ ပတ္တမြားငမောက် စသည့် သရက်သီးအမျိုးအစားကိုသာ ပြည်ပနိုင်ငံများက အများဆုံးဝယ်ယူမှုရှိကြောင်း သိရပြီး ယခုနှစ်သရက်ရာသီချိန်တွင် စိန်တလုံးသရက်အား ဝယ်ယူရန် ဂျပန်ကုမ္ပဏီတစ်ခုမှ စာချုပ်ချုပ်ဆိုနေခြင်းဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(မြန်/ဆက်)**

# ခေါင်းဆောင်မှုစိတ်နေစိတ်ထား တည်ဆောက်ခြင်းဆွေးနွေးပွဲ အွန်လိုင်းမှ ကျင်းပမည်

**ရန်ကုန် မတ် ၁၈**

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းက ကြီးမှူးကျင်းပမည့် ခေါင်းဆောင်မှုစိတ်နေစိတ်ထား တည်ဆောက်ခြင်း (Building Leadership Mindset) ဆွေးနွေးပွဲကို မတ် ၂၁ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် MICT Park ရှိ Main Building အခန်းအမှတ် (၂၀၃)၌ ပြုလုပ်ရန် စီစဉ်ထားသော်လည်း COVID–19 ကူးစက်ရောဂါဖြစ်ပွားမှုကာကွယ်ရန်အတွက် လူထုနှင့် တိုက်ရိုက်ထိတွေ့ဆွေးနွေးခြင်း မပြုလုပ်တော့ဘဲ အွန်လိုင်းမှသာ ထုတ်လွှင့်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ သိရသည်။

Myanmar Nobel University တွင် Head of MBA Programme အဖြစ် တာဝန်ယူဦးစီးနေသော ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာန ဌာနမှူး (ငြိမ်း) ဆရာမကြီး ပါမောက္ခ ဒေါက်တာမိုးမိုးခိုင်က ဟောပြောဆွေးနွေးမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာ လုပ်ငန်းရှင်အသင်း၏ Facebook Page (https://www.facebook.com/MCIA. Yangon/) မှတစ်ဆင့် တိုက်ရိုက်ကြည့်ရှု နားဆင်နိုင်ပြီး သိရှိလိုသည်များကို တိုက် ရိုက် Live Comment မှတစ်ဆင့် မေးမြန်းဆွေးနွေးနိုင်ကြောင်း သိရသည်။

**ကိုထက်**

## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

**မော်ကွန်း**

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**



### တိုင်းရင်းဆေးပညာလာ အကျိတ်နာနှင့် အနာပေါက် ကုသမှုဆိုင်ရာဆေးနည်းများ

ပါမောက္ခအောင်ကျော်မင်း (တိုင်းရင်းဆေးပညာ) ရေးသားသည့် တိုင်းရင်းဆေးပညာလာ အကျိတ်နာနှင့် အနာပေါက်ကုသမှုဆိုင်ရာဆေးနည်းများ စာအုပ်ထွက်ရှိလာသည်။

၎င်းစာအုပ်တွင် အကျိတ်ဖြစ်ပွားစေသည့် အကြောင်းအရာများ၊ အကျိတ်နှင့်ဆက်စပ်သော အနာရောဂါအမျိုးမျိုးနှင့် ဥပ္ပဒ္ဒဝေါများ၊ ပြောင်းလဲလာသောခေတ်နှင့်အညီ အတွေးအမြင်နှင့် ကုထုံးနည်းစနစ်များ စသည့် ရောဂါကုသမှုဆိုင်ရာဆေးနည်းများကို စုံလင်စွာရေးထားပါသည်။

စာအုပ်ကို နွယ်မြက်သစ္စာစာပေ၊ အမှတ် (၃၅)၊ မြို့ပေါ်တန်းလမ်း၊ ၇ လမ်းနှင့် ၈ လမ်းကြား၊ ၇၆ လမ်းနှင့် မှန်ကင်းကျောင်းတိုက်ကြား၊ ဥပုသ်တော်ရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း၀၉-၂၀၃၄၅၂၂၊ ၀၉-၄၄၂၀၃၄၅၂၂၊ ၀၂-၄၀၇၅၀၄၄ မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိသည်။





### စာဘဏ္ဍာများ

စာဘဏ္ဍာမြဝင်း (ပခုက္ကူ) စီစဉ်ရေးသားသည့် စာဘဏ္ဍာများစာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် လူသားတို့၏တုနှိုင်းမဲ့ ဆေးဆရာကြီး ဗုဒ္ဓ၊ လူသားများကို စောင့်ရှောက်သောတရား၊ ဗုဒ္ဓသာသနာ၏ ဂိုဏ်ကြီးကိုးဂိုဏ်း၊ ကျောင်းသားသမဂ္ဂနှင့် အိုးဝေကိုအောင်ဆန်း(ဗိုလ်ချုပ်)၊ မြန်မာ့နိုင်ငံရေးသမိုင်းအကျဉ်း (၁၉၅၈–၁၉၆၂)၊ ဘာသာပြန်စာပေစာတမ်းဆိုင်ရာ မှတ်စုများ၊ ရာသီဥတုပြောင်းလဲမှုကို ဘက်စုံအသိဖြင့် တုံ့ပြန်ကြဖို့လိုပြီ၊ လူသားတိုင်းကိုကူညီကြက်ခြေနီ၊ လူသားနှင့် ကျန်းမာရေး၊ စိတ်ကျဝေဒနာ ပြောဆိုတိုင်ပင်ဆွေးနွေးပါ စသည့် အကြောင်းအရာ ၄၀ကျော်ကို ရေးသားထားသည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ်–၂၉၆၊ ၁/အနော်မာ (၇)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း–၀၉ ၇၉၈၁၈၉၁၄၈နှင့် ၀၉ ၇၇၇၁၃၉၄၇၇တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ဖြင့် ဖြန့်ချိသည်။



### တိမ်တွေဆီ တစ်ယောက်တည်းလမ်း

စာရေးဆရာ မြစ်လင်းခိုင်ရေးသားသည့် တိမ်တွေဆီတစ်ယောက်တည်းလမ်း (ကဗျာအပိုင်းအစများ) စာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် အခွဲ၊ ဝဋ်ကြွေး၊ နတ်သမီးအိပ်မက်၊ မြတ်နိုးခြင်း စသည့်စုစုပေါင်းကဗျာ ၄၉ ပုဒ်ပါရှိသည်။

စာအုပ်ကို ကောင်းဇော်စာပေ၊ အမှတ်(၅၅)၊ ၆၇ လမ်း၊ ၃၈ လမ်းနှင့် ၃၉ လမ်းကြား၊ မဟာမြိုင် (၁) ရက်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး၊ ဖုန်း ၀၉-၄၀၂၆၃၃၅၇၃ မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။




### လူငယ်နဲ့အခွင့်အလမ်း

စာရေးဆရာချစ်နိုင်( စိတ်ပညာ ) စီစဉ်ရေးသားသည့် လူငယ်နဲ့ အခွင့်အလမ်း စာအုပ်ထွက်ရှိလာသည်။

ယုံကြည်ချက်ဣဒ္ဓိပါဒ်၊ လူငယ်နဲ့ အခွင့်အလမ်း၊ ကံ၊ကံရဲ့အကျိုး၊ အားတက်အောင် စကားလက်ဆောင်၊ သက်ကြီးစကား၊ အဆိုးနဲ့အကောင်း၊ လူ့တန်ဖိုး၊ လူထဲကလူ အတူတူမဟုတ်၊ အောင်မြင်မှုရယူခြင်း၊ စာပေဟောပြောပွဲအတွေ့အကြုံ၊ ကျွန်တော်တို့ ရင်ထဲက ဂီတစာဆို ဗိုလ်ကလေးတင့်အောင်၊ ဘဝထဲက သင်ခန်းစာ၊ အမာရွတ်နှင့် ပတ်တီး၊ ရင်ထဲရှိသမျှ စသည့် စိတ်ဝင်စားဖွယ် ပြည်တွင်း ပြည်ပ ဗဟုသုတအတွေ့အကြုံများကို ရေးသားထားသည်။

စာအုပ်ကို နိုင်စာပေ၊ အမှတ်–၁၅၀၊ ရတနာလမ်းမကြီး၊ ရတနာအိမ်ရာ၊ တိုင်းရင်းသားကျေးရွာအနီး၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း–၀၉ ၅၅၀၃၂၅၄ တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။

## သတင်းစုံကဏ္ဍ

### COVID – 19 ကာကွယ်ရေး အသိပညာပေး

**ကျောက်ပန်းတောင်း**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် မတ် ၁၇ ရက် နံနက်ပိုင်းမှစတင်၍ COVID–19 ကာကွယ်နိုင်ရေးအတွက် မြေစိုက်ဘုတ်တွင် ပညာပေးစာစောင်များကပ်ခြင်းနှင့် စာကြည့်တိုက်လာသူများ လက်သန့်စင်မှုပြုလုပ်နိုင်စေရန် လက်ဆေးရေများကိုလည်းအဆင်သင့်ထားရှိပေးထားသည်။

COVID–19 ကာကွယ်ရေးပညာပေးစာစောင်များကို မြေစိုက်ဘုတ်တွင် ကပ်ထားရာ ပြည်သူများစိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာလျက်ရှိရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးနှင့်ဝန်ထမ်းများကလည်း ပြည်သူများသိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပေးလျက်ရှိသည်။

ထို့အပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ ပြည်သူ့စာကြည့်တိုက်သို့ လာရောက်သည့် စာဖတ်၊ စာအုပ်ငှားသူများအတွက် ကျန်းမာရေးအထောက်အကူဖြစ်စေရန်အတွက် လက်သန့်စင်မှုပြုလုပ်နိုင်စေရန် ရုံးရှေ့တွင် လက်ဆေးရေနှင့် လက်ဆေးဆပ်ပြာရည်များ အဆင်သင့်ပြုလုပ်ပေးထားကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

**ကော့ကရိတ်**

ကော့ကရိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးနိုင်နိုင်ထွန်း၏ ဦးဆောင်မှုဖြင့် ကော့ကရိတ် ပြည်သူ့ဆေးရုံကြီးမှ လက်ထောက်ဆရာဝန် ဒေါက်တာကိုကိုဦး ဦးစီးသော ကျန်းမာရေးဝန်ထမ်းများသည် မတ် ၁၇ ရက်က ကော့ကရိတ် အချုပ်ထောင်ရှိတရားခံများအား COVID–19 ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာများ ပြောကြားပြီး ဆေးဝါးများ ထောက်ပံ့ပေးခဲ့ကြောင်းသိရသည်။

**တင်ဝင်းလှိုင်( ကော့ကရိတ်)**

**မြို့သစ်**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ COVID–19 အကြောင်း အသိပညာပေးခြင်း လှုပ်ရှားဆောင်ရွက်မှုများကို မတ် ၁၇ ရက် နံနက်ပိုင်းက မြို့မဈေးနှင့် နွားဈေးသို့သွားရောက်ကာ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စည်ပင်သာယာရေးဝန်ထမ်းများက ပူးပေါင်း၍ COVID–19 ရောဂါ ကူးစက်နိုင်ခြေရှိသည့်နည်းလမ်းများ၊ သံသယဖြစ်ဖွယ် လက္ခဏာများ၊ ကာကွယ်နိုင်သည့်နည်းလမ်းများအကြောင်းနှင့် ရောဂါမဖြစ်ပွားမီကြိုတင်ကာကွယ်ရန် နည်းလမ်းများကိုအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ဇော်ဇော်(မြို့သစ်)**

## ကန်တော်နဒီဆေးရုံ၌ သေဆုံးသွားသော အမျိုးသမီးတွင် COVID- 19 ရောဂါမရှိ

**နေပြည်တော် မတ် ၁၈**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်တွင်နေထိုင်သော အသက် ၂၂ နှစ်အရွယ် အမျိုးသမီးတစ်ဦးအား စောင့်ကြည့်လူနာအဖြစ်သတ်မှတ်၍ မတ် ၁၇ ရက် နံနက် ၂ နာရီတွင် ကန်တော်နဒီဆေးရုံသို့ ညွှန်းပို့ခဲ့သည်။ အဆိုပါလူနာထံမှ ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)သို့ ပေးပို့ထားရှိပြီး လိုအပ်သော ဆေးကုသမှုများဆောင်ရွက်စဉ် နံနက် ၇ နာရီခွဲတွင် သေဆုံးသွားခဲ့သည်။

သေဆုံးရသည့်အကြောင်းအရင်းမှာ လူနာ၏ရောဂါရာဇဝင်နှင့် သွေးစစ်ချက် အဖြေများအရ COVID – 19 ရောဂါမရှိဘဲ သွေးဆိပ်တက်ခြင်း၏ နောက်ဆက်တွဲ ဆိုးကျိုးများကြောင့် ဖြစ်နိုင်ကြောင်း သိရသည်။ **ကြေးမုံ**



တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား COVID–19 ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မတ် ၁၈ ရက် နံနက်တွင် ကြည့်မြင်တိုင်မြို့နယ် အထက(၁) စာဖြေဌာန၌ မြို့နယ်ပညာရေးမှူး ဦးလှထွန်း ဦးဆောင်၍ ဆရာ ဆရာမများက ကိုယ်ပူချိန်တိုင်းကိရိယာဖြင့် တစ်ဦးချင်းစစ်ဆေးခြင်း၊ လက်ဆေးဆပ်ပြာရည်များ ပက်ဖျန်းပေးခြင်းတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးစဉ်။ တင်ဝင်းတင်(TWL)

## တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၏ ပထမနှစ်ဝင် စာမေးပွဲများတွင် ဝင်ရောက်ဖြေဆိုသူ သုံးသိန်းကျော်ရှိ

**နေပြည်တော် မတ် ၁၈**

တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၏ ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ် ပထမနှစ်ဝင် စာမေးပွဲများကို ယနေ့တွင် နိုင်ငံတစ်ဝန်း၌ကျင်းပရာ ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၌ စာရင်းရှိ ၃၀၇၇၅၂ ဦးအနက် ၂၉၉၄၆၃ ဦး ဖြေဆိုသဖြင့် ပျက်ကွက် ၈၂၈၉ ဦးနှင့် ပညာရေးကောလိပ်များ၌ စာရင်းရှိ ၁၀၇၈၂ ဦးအနက် ၁၀၇၇၉ ဦး ဖြေဆိုသဖြင့် ပျက်ကွက် သုံးဦး ရှိကြောင်း၊ နိုင်ငံတစ်ဝန်း တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၏ စုစုပေါင်းစာရင်းရှိ ၃၁၈၅၃၄ ဦးအနက် ၃၁၀၆၁၈ ဦး ဖြေဆိုကြပြီး ပျက်ကွက် ၈၂၉၂ ဦး ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**

## ဗြိတိသျှကောင်စီအွန်လိုင်းစာကြည့်တိုက်နှင့် အွန်လိုင်းအင်္ဂလိပ်စာသင်တန်းများ ဆက်လက်ဖွင့်လှစ်မည်

**နေပြည်တော် မတ် ၁၈**

ကမ္ဘာ့ကပ်ရောဂါဖြစ်သည့် ကိုဗစ် –၁၉ အဆုတ်ရောင်ရောဂါ ကူးစက်ပြန့်ပွားမှုအား ကြိုတင်တားဆီးရန်နှင့် မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်များကြောင့် ဗြိတိသျှကောင်စီရုံးများကို မတ် ၁၉ ရက်မှစတင်၍ ယာယီပိတ်ထားမည်ဖြစ်သော်လည်း အွန်လိုင်းအခမဲ့ အင်္ဂလိပ်စာသင်တန်းများနှင့် ဒစ်ဂျစ်တယ် စာကြည့်တိုက်ဝန်ဆောင်မှုများကို အွန်လိုင်းမှတစ်ဆင့် ဆက်လက်ရယူနိုင်ကြောင်း ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ထားသည်။

စာကြည့်တိုက်ဝန်ဆောင်မှုများကို ဧပြီ ၃၀ ရက်အထိ ယာယီဆိုင်းငံ့ထားမည်ဖြစ်ပြီး နွေရာသီရက်တိုသင်တန်းများအပါအဝင် သင်တန်းများအားလုံးကိုလည်း ယာယီပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။ ယူကေ စာမေးပွဲဝန်ဆောင်မှုများ အားလုံးကိုလည်း ပြန်လည်သုံးသပ်လျက်ရှိပြီး အချို့ ယူကေ စာမေးပွဲဘုတ်အဖွဲ့များသည် မြန်မာနိုင်ငံရှိ စာမေးပွဲများကို ရွှေ့ဆိုင်းထားပြီးဖြစ်ကြောင်း သိရသည်။

ဗြိတိသျှကောင်စီမှ စာမေးပွဲနှင့် ပတ်သက်သည့်အချက်အလက်များကို အသိပေးသွားရန်ရှိပြီး IELTS နှင့် Cd IELTS ဖြေဆိုမည့်သူများသည် ဝင်ခွင့်များနှင့်အတူ ဗြိတိသျှကောင်စီ အဆောက်အဦများသို့ လာရောက်စုံစမ်းနိုင်ကြောင်း သတင်းထုတ်ပြန်ထားသည်။ **သွန်းဝသန်**

## COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာများတွင် အသုံးပြုနိုင်ရန် အလှူငွေများလှူဒါန်း

**ဘားအံ မတ် ၁၈**

ကရင်ပြည်နယ် ဘားအံမြို့တွင် COVID–19 ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာများတွင် အသုံးပြုနိုင်ရန်အတွက် အလှူငွေများလှူဒါန်းခြင်းကို မတ် ၁၇ ရက် မွန်းလွဲ ၂ နာရီခွဲက ဘားအံပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည်။



လှူဒါန်းပွဲတွင် ကရင်ပြည်နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ငွေကျပ် ၁၀ သိန်း၊ သန့်စင်ဆေးခန်းနှင့် ဘားအံယူနိုက်တက်ဟိုတယ်မိသားစုတို့မှ ငွေကျပ် ငါးသိန်း၊ ပြည်နယ်မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်းမိသားစုမှ ငွေကျပ် ငါးသိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်ဦးစောစံလင်းမိသားစုမှ ငွေကျပ် တစ်သိန်း၊ ကရင်ပြည်နယ်/ခရိုင်/မြို့နယ်တရားလွှတ်တော်မိသားစုမှငွေကျပ် တစ်သိန်း၊ ဒေါက်တာမြတ်ကောင်းနှင့် ဒေါက်တာအေးအေးထွန်း(သမားတော်ဆေးခန်း) မိသားစုမှ ငွေကျပ် ၁၀ သိန်း၊ ဒေါက်တာချိုချိုဝင်း မျက်စိအထူးကုဆရာဝန်ကြီးက ငွေကျပ် သုံးသိန်း၊ ဦးမျိုးမြင့်နှင့် ဒေါ်ခင်မာဆွေသန်း မိသားစုမှ ငွေကျပ် သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ ပြည်နယ် ကျန်းမာရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာကျော်စွာမြင့်၊ ဘားအံပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဘရန်အောင်တို့က လက်ခံရယူခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## နယ်စပ်မြို့များ၌ COVID – 19 တားဆီးကာကွယ်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်

**ကော့သောင်း မတ် ၁၈**

COVID–19 ကူးစက်ရောဂါ မြန်မာနိုင်ငံ ဒေသအသီးသီးသို့ ကူးစက်ပြန့်ပွားမှု မရှိစေရေး နယ်စပ်အဝင်/အထွက်ဂိတ်ရှိသည့် မြန်မာနိုင်ငံ ကော့သောင်းမြို့နှင့် ထိုင်းနိုင်ငံ ရနောင်းမြို့များတွင် တာဝန်ရှိအဖွဲ့အစည်းများ တားဆီးကာကွယ်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။



မြန်မာ – ထိုင်း နယ်စပ်ဂိတ်တစ်ခုဖြစ်သည့် ကော့သောင်း–ရနောင်းမြို့များသို့ နယ်စပ်ဖြတ်သန်းသွားလာမှု အခြေအနေမှာ ယနေ့အထိ ပုံမှန်အပြန်အလှန် ကူးသန်းသွားလာလျက်ရှိကြပြီး စားဝတ်နေရေးနှင့် စီးပွားရေးကိစ္စများအလို့ငှာ နေ့စဉ်ရောင်းဝယ်ဖောက်ကား ဝင်ထွက်သွားရောက်လျက်ရှိသည့် မြို့ခံပြည်သူများနှင့် ထိုင်းမှ လာရောက်သည့် ဧည့်သည်များအား မြန်မာနိုင်ငံဘက်ခြမ်းတွင် နေ့စဉ် နယ်စပ်ဂိတ်စတင်ဖွင့်လှစ်သည့် နံနက်ပိုင်းမှ ပိတ်သိမ်းချိန် ညနေပိုင်းအထိ အဏ္ဏဝါရပ်ကွက်၊မြို့မတံတား၊ ဓမ္မာရုံ၊ ကူးတို့ဆိပ်တံတားတို့တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများက သတိပြုစစ်ဆေးတားဆီးကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့တစ်ဖက် ထိုင်းနိုင်ငံ ရနောင်းမြို့ဆိပ်ကမ်းတွင်လည်း တားဆီးကာကွယ်စစ်ဆေးမှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းကို တွေ့ရသည်။

ယနေ့အထိ မြန်မာနိုင်ငံ ကော့သောင်းမြို့အတွင်းသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားခရီးသွားဧည့်သည်များနှင့် ထိုင်းနိုင်ငံသို့သွားရောက်ခဲ့သည့်ဒေသခံပြည်သူများထံမှ ဗိုင်းရပ်စ်ပိုးကူးစက်ခံရသည့် သံသယရှိသူစစ်ဆေးပေါ်ပေါက်မှု မရှိသေးကြောင်း ကျန်းမာရေးဌာန၏ သတင်းများအရ သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# မန်စီးတီးက မာရက်ဇ်ရဲ့ အပြောင်းအရွှေ့ကို ပေါင်သန်း ၈၀ သတ်မှတ်ခဲ့သဖြင့် ပီအက်စ်ဂျီ အခက်တွေ့

ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းဟာ အသင်းရဲ့တောင်ပံကစားသမား မာရက်ဇ်ကို နွေရာသီဈေးကွက်အတွင်း အသင်းကနေ ထွက်ခွာခွင့်ပြုမယ့်အပြင် မာရက်ဇ်ရဲ့ ပြောင်းရွှေ့ကြေးကိုလည်း ပေါင်သန်း ၈၀ သတ်မှတ်ခဲ့တဲ့အတွက် မာရက်ဇ်ကို ခေါ်ယူမယ့် ပီအက်စ်ဂျီအသင်းအနေနဲ့ အခက်တွေ့နေတယ်လို့ သတင်းတွေထွက်ပေါ်နေပါတယ်။



ပြင်သစ်ထိပ်တန်းကလပ် ပီအက်စ်ဂျီအသင်းဟာ အသင်းရဲ့တိုက်စစ်မှူး အမ်ဘတ်ပီက ရီးယဲလ်မက်ဒရစ်အသင်းဆီ ပြောင်းရွှေ့ကစားဖို့ ချိတ်ဆက်မှုတွေ ပြုလုပ်နေတာကြောင့် အစားထိုးကစားသမားအဖြစ် လက်စတာစီးတီးအသင်း ကစားသမားဟောင်း မာရက်ဇ်ကို ခေါ်ယူဖို့ ပြင်ဆင်နေတာလည်း ဖြစ်ပါတယ်။

မန်စီးတီးအသင်းက မာရက်ဇ်ကို ယခု သတ်မှတ်ထားတဲ့ ပေါင်သန်း ၈၀ အောက် လျှော့နည်းနေမယ်ဆိုရင် ရောင်းချသွားမှာ မဟုတ်ဘူးလို့လည်း ဆိုပါတယ်။ မာရက်ဇ်ဟာ ၂၀၁၈ ခုနှစ်အတွင်းက လက်စတာစီးတီး အသင်းကနေ ပြောင်းရွှေ့ကြေးပေါင် ၆၁ သန်းနဲ့ ရောက်ရှိလာခဲ့တာဖြစ်ပြီး ယခုနှစ် ဘောလုံးရာသီမှာ မန်စီးတီးအသင်းနဲ့အတူ ၃၇ ပွဲ ပါဝင်ကစားပေးထားရာမှာ သွင်းဂိုး ၁၄ ဂိုးအထိ သွင်းယူပေးထားတာလည်းဖြစ်ပါတယ်။

မာရက်ဇ်ရဲ့ မန်စီးတီးအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ ၂၀၂၃ ခုနှစ်မှာ ကုန်ဆုံးမှာဖြစ်ပေမယ့် ပီအက်စ်ဂျီအသင်းကတော့ အမ်ဘတ်ပီရဲ့ အနာဂတ်မသေချာမှုကြောင့် မာရက်ဇ်ကို ခေါ်ယူဖို့ပြင်ဆင်နေတာဖြစ်ပါတယ်။ တိုက်စစ်မှူး အမ်ဘတ်ပီဟာ ၂၀၁၉-၂၀၂၀ ဘောလုံးရာသီအတွင်းမှာ ပီအက်စ်ဂျီအသင်းအတွက် ၂၃ ဂိုး သွင်းယူပေးထားပြီး ကိုးဂိုးဖန်တီးပေးထားနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

## ကိုရိုနာဗိုင်းရပ်စ်ကြောင့် ယူရို ၂၀၂၀ ပြိုင်ပွဲကို ၂၀၂၁ ခုနှစ်နွေရာသီအထိ ရွှေ့ဆိုင်း

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုတွေကြောင့် ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)ဟာ မတ် ၁၇ ရက်က ကျင်းပခဲ့တဲ့ အရေးပေါ် ဗီဒီယိုကွန်ဖရင့်တစ်ရပ်မှာ ယူရို ၂၀၂၀ ဘောလုံးပြိုင်ပွဲကို ၂၀၂၁ နွေရာသီအထိ ရွှေ့ဆိုင်းရေးဆုံးဖြတ်ချက်ချခဲ့ပါတယ်။ ယူရို ၂၀၂၀ ဘောလုံးပြိုင်ပွဲကို ယခင်က ယခုနှစ်နွေရာသီကာလဖြစ်တဲ့ ဇွန် ၁၂ ရက်ကနေ ဇူလိုင် ၁၂ ရက်အထိ တစ်လကြာ ကျင်းပဖို့ စီစဉ်ခဲ့တာဖြစ်ပေမယ့် လက်ရှိမှာတော့ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် လာမယ့်နှစ် ဇွန် ၁၁ ရက်မှ ဇူလိုင် ၁၁ ရက်အထိ ကျင်းပသွားဖို့ ပြောင်းလဲစီစဉ်ခဲ့တာဖြစ်ပါတယ်။ ယခုရက်ရွှေ့ဆိုင်းလိုက်တဲ့ ယူရို ၂၀၂၀ ပြိုင်ပွဲဟာ အမျိုးသမီး ဥရောပချန်ပီယံရှစ်ပြိုင်ပွဲ ကျင်းပမယ့်ကာလနဲ့ တိုက်ဆိုင်နေတာဖြစ်ပြီး အဲဒီ အမျိုးသမီးဥရောပချန်ပီယံရှစ်ပြိုင်ပွဲကို ၂၀၂၁ ခုနှစ် ဇူလိုင် ၇ ရက်မှစတင်ကာ အင်္ဂလန်နိုင်ငံမှာ ကျင်းပသွားမှာဖြစ်ပါတယ်။

ယူအီးအက်ဖ်အေဟာ ယူရို ၂၀၂၀ ပြိုင်ပွဲကို ရွှေ့ဆိုင်းခဲ့တဲ့အပြင် နေးရှင်းလိဂ်ပြိုင်ပွဲနဲ့ ဥရောပအသက် ၂၁ နှစ်အောက် ချန်ပီယံရှစ်ပြိုင်ပွဲကိုလည်း လာမယ့်နှစ်နွေရာသီမှာ ကျင်းပဖို့ စီစဉ်ခဲ့တာဖြစ်ပါတယ်။ တောင်အမေရိကဘောလုံးအဖွဲ့ချုပ်ကလည်း ယခုနှစ်ထဲမှာ ကျင်းပဖို့ စီစဉ်ထားတဲ့ ကိုပါအမေရိကဖလားပြိုင်ပွဲကို ဇွန် ၁၂ ရက်ကနေ ဇူလိုင် ၁၂ ရက်အထိ ကျင်းပဖို့ စီစဉ်ထားရာကနေ ၂၀၂၁ ခုနှစ်အထိ ရွှေ့ဆိုင်းလိုက်တယ်လို့သိရပါတယ်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ကလည်း ၂၀၂၁ ခုနှစ် ဇွန်လမှာ တရုတ်နိုင်ငံမှာ ကျင်းပဖို့ စီစဉ်ထားတဲ့ ကမ္ဘာ့ကလပ်အသင်းများဖလားပြိုင်ပွဲကိုလည်း ရွှေ့ဆိုင်းသွားမှာဖြစ်တယ်လို့ သိရပါတယ်။ ဥရောပရဲ့ ထိပ်တန်းလိဂ်ငါးလိဂ်မှာ တစ်ခုအပါအဝင်ဖြစ်တဲ့ ပရီမီယာလိဂ်ကတော့ ယှဉ်ပြိုင်ကစားဖို့ ကျန်ရှိနေတဲ့ ပွဲစဉ် ၉၂ ပွဲစလုံး ကို ပရိသတ်မပါဘဲ တံခါးပိတ်ကျင်းပဖို့ ကလပ်အသင်းတာဝန်ရှိသူတွေက စီစဉ်နေတယ်လို့ သိရပါတယ်။

❖ အောင်လအန်ဆန်မှ

ONE Championship သည် ယင်းပြိုင်ပွဲကို ယခင်က ဧပြီ ၁၀ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပရန် စီစဉ်ထားသော်လည်း မေ ၂၉ ရက်တွင် ဖိလစ်ပိုင်နိုင်ငံ၌ ပြောင်းလဲကျင်းပရန် ယာယီဆုံးဖြတ်ထားခြင်းဖြစ်သည်။ ONE Championship သည် ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားနေသည့် COVID-19 ကြောင့် ပြိုင်ပွဲများအား ရွှေ့ဆိုင်းခြင်း၊ ရုံပိတ်ကျင်းပခြင်းတို့ ပြုလုပ်လျက်ရှိပြီး အောင်လအန်ဆန်၏ ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲပါဝင်သည့် ONE Infinity-1 ပြိုင်ပွဲကို မေ ၂၉ ရက်သို့ ပြောင်းလဲထားခြင်းဖြစ်သည်။

ONE Championship သည် COVID-19 ကြောင့် ပြိုင်ပွဲများ ရွှေ့ဆိုင်းနေရပြီး ပြန်လည်ကျင်းပမည့်ပြိုင်ပွဲများတွင် ပါဝင်မည့် တွဲဆိုင်းများကို ပြန်လည်ထုတ်ပြန်မည်ဖြစ်ပြီး အပြောင်းအလဲဖြစ်ဖွယ်ရှိကြောင်း သိရသည်။

ONE Infinity-1 ပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံဆုကာကွယ်ပွဲနှင့် စိန်ခေါ်ပွဲများပါဝင်မည်ဖြစ်ပြီး အောင်လအန်ဆန်၏ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအပြင် အခြားတွဲဆိုင်းနှစ်ပွဲလည်း ပါဝင်မည်ဖြစ်သည်။

**သုံးကြိမ်မြောက် တွေ့ဆုံခြင်းဖြစ်**

အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲအဖြစ် ပြိုင်ဘက်ဟောင်း ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ပြီး ယခင်စိန်ခေါ်သူ နယ်သာလန်နိုင်ငံသား ခါဒီရစ် ဒဏ်ရာရခဲ့သောကြောင့် ဗစ်တာလီဘစ်ဒက်ရှ်က အစားထိုးယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည့်ပြိုင်ပွဲတွင် ဘစ်ဒက်ရှ်၏ ကမ္ဘာ့ချန်ပီယံဆုအား စိန်ခေါ်ခဲ့ရာ ပြင်ဆင်ချိန်နည်းပါးခဲ့သောကြောင့် အမှတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

ဒုတိယအကြိမ်အဖြစ် ဇွန်လက ရန်ကုန်မြို့၌ ထိုးသတ်သည့်ပွဲတွင် အောင်လအန်ဆန်သည် အမှတ်ဖြင့်အနိုင်ယူပြီး မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်လာခဲ့သည်။ အောင်လအန်ဆန်နှင့် ဗစ်တာလီဘစ်ဒက်ရှ်သည် သုံးကြိမ်မြောက် တွေ့ဆုံခြင်းဖြစ်ပြီး တစ်ပွဲစီ အနိုင်ရထားသည်။

အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲ သုံးပွဲထိုးသတ်ထားရာ သုံးပွဲစလုံး အနိုင်ရထားပြီး လေးပွဲမြောက် ထိုးသတ်ခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ၂၀၂၀ ပြည့်နှစ်တွင် ပထမဆုံးပွဲ ထိုးသတ်ရန် စီစဉ်နေခြင်းဖြစ်သည်။

**ရှိုင်းထက်ဇော်**

### AFC Cup ပြိုင်ပွဲ အုပ်စုပွဲအားလုံး ရွှေ့ဆိုင်း

ရန်ကုန် မတ် ၁၈

အာရှဘောလုံးအဖွဲ့ချုပ်သည် မြန်မာကလပ်အသင်းများဖြစ်သည့် ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်နေသည့် ၂၀၂၀ ဘောလုံးရာသီ AFC Cup ပြိုင်ပွဲ အုပ်စုပွဲများအနက် မတ်လနှင့် ဧပြီလအတွင်းကစားမည့်ပွဲအားလုံးကို ရွှေ့ဆိုင်းလိုက်ကြောင်း မတ် ၁၈ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

**ရှိုင်းထက်ဇော်**

### မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲတွင် MNL နိုင်ငံခြားသားများအသင်းကို အနိုင်ရ

ရန်ကုန် မတ် ၁၈

နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် မတ် ၁၇ ရက် ညနေပိုင်းက MNL နိုင်ငံခြားသားကစားသမားများအသင်းနှင့် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယခုခြေစမ်းပွဲကို ပရိသတ်မပါဘဲ ကွင်းပိတ်ကစားခဲ့ခြင်းဖြစ်သည်။

**ရှိုင်းထက်ဇော်**

### MNL ယူ-၂၁ ပြိုင်ပွဲတွင် ရခိုင်နှင့် ရန်ကုန်အသင်း နိုင်ပွဲရရှိ

ရန်ကုန် မတ် ၁၈

၂၀၂၀ ဘောလုံးရာသီ MNL ယူ-၂၁ အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၀) တတိယနေ့ကို ယနေ့ညနေပိုင်းက တောင်ဒဂုံကွင်းနှင့် YUSC ကွင်း၌ ဆက်လက်ကျင်းပရာ ရန်ကုန်နှင့် ရခိုင်အသင်းတို့ ဂိုးပြတ်အနိုင်ရခဲ့သည်။

**ရှိုင်းထက်ဇော်**

## အနုပညာ

### Itaewon Class ပိတ်ပွဲကို ရုပ်ရှင်ဝိုင်းတော်သားတွေနဲ့သာ ပြုလုပ်မည်




တောင်ကိုရီးယားမှာ လတ်တလောထုတ်လုပ်ပြသလျက်ရှိတဲ့ ဇာတ်လမ်းတွဲရုပ်ရှင် Itaewon Class ဟာ မကြာမီမှာ အဆုံးသတ်တော့မှာပါ။ အပြိုင်ထုတ်လွှင့်ခဲ့ကြတဲ့ ဇာတ်လမ်းတွဲတွေအနက် ကြည့်ရှုသူအများဆုံး ဇာတ်လမ်းတွဲအဖြစ် မှတ်တမ်းဝင်ခဲ့တဲ့ အဆိုပါရုပ်ရှင် ထုတ်လွှင့်မှုပြီးဆုံးပြီးနောက် ပိတ်ပွဲအခမ်းအနားကို ရုပ်ရှင်ဝိုင်းတော်သားတွေနဲ့သာ ပြုလုပ်သွားဖို့ရာ လတ်တလောမှာ ပြောင်းလဲစီစဉ်ခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မတ် ၁၇ ရက်မှာ JTBC ရုပ်သံလိုင်းက ထုတ်လွှင့်ပြသလျက်ရှိတဲ့ အဆိုပါဇာတ်လမ်းတွဲရဲ့ ဝိုင်းတော်သားတွေနဲ့ ရင်းနှီးတဲ့ သတင်းရင်းမြစ်က ဇာတ်လမ်းတွဲ ပိတ်ပွဲအခမ်းအနား အစီအစဉ်ပြောင်းလဲခဲ့တဲ့အကြောင်း ထုတ်ဖော်ပြောကြားခဲ့တာပါ။ ယခင်က ဇာတ်လမ်းတွဲအဆုံးသတ်မှာ ပြုလုပ်သွားမယ့်အခမ်းအနားကို မီဒီယာတွေဖိတ်ကြားကာ ပြုလုပ်သွားဖို့ စီစဉ်ထားပေမယ့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့် အစီအစဉ်ပြောင်းကာ ဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင်ခဲ့သူတွေနဲ့ ထုတ်လုပ်ဖြန့်ချိရေးအပိုင်းမှာ ပါဝင်ခဲ့သူတွေနဲ့သာ ပြုလုပ်သွားဖို့ ပြောင်းလဲစီစဉ်ခဲ့ကြတာ ဖြစ်ပါတယ်။

Itaewon Class ဟာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် အစီအစဉ်ပြောင်းလဲခဲ့ရတဲ့ ပထမဆုံးသော တောင်ကိုရီးယားဇာတ်လမ်းတွဲလည်း ဖြစ်ပါတယ်။ အဆိုပါ ဇာတ်လမ်းတွဲရဲ့ ဇာတ်သိမ်းပိုင်းကိုတော့ ယခင်စီစဉ်ထားတဲ့အတိုင်း မတ် ၂၁ ရက်မှာ ထုတ်လွှင့်သွားနိုင်ကြောင်းလည်း သိရပါတယ်။

### နေအိမ်ကနေ အခမဲ့ဖျော်ဖြေပွဲ ထုတ်လွှင့်ပေးခဲ့တဲ့ ဂျွန်လဲဂျန့်

ကျော်ကြားတဲ့ တေးရေးတေးဆိုတစ်ဦးဖြစ်သူ ဂျွန်လဲဂျန့်ဟာ လတ်တလော ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုကြောင့် လူစုလူဝေးတွေကို တားမြစ်ထားရာ ပရိသတ်တွေအတွက် သူ့ရဲ့ဖျော်ဖြေပွဲကို နေအိမ်တွင် သီဆိုပေးကာ အွန်လိုင်းပေါ်ကနေတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်ပေးခဲ့ကြောင်း ကော့စမိုပိုလီတန်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မတ် ၁၇ ရက်မှာ ဂျွန်လဲဂျန့်က သူ့ရဲ့ တွစ်တာစာမျက်နှာပေါ်မှာ တိုက်ရိုက်ထုတ်လွှင့်မှုပြုခဲ့တာပါ။ သူ့ရဲ့ သူငယ်ချင်း တေးသံရှင် ကိုးဒ်ပလေးဟာ နေအိမ်မှာ ဖျော်ဖြေပွဲပြုလုပ်ကာ တိုက်ရိုက်ထုတ်လွှင့်ပေးခဲ့တာကြောင့် သူကလည်း ပရိသတ်တွေအတွက် ယခုလို ဖျော်ဖြေပေးခဲ့တာဖြစ်တယ်လို့လည်း ဂျွန်လဲဂျန့်က သူ့ရဲ့ တွစ်တာစာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။



**အေးပြည့် - စုစည်းသည်**

### Black Widow ရုံတင်မည့်ရက်ရွှေ့ဆိုင်း

ဟောလိဝုဒ်ရဲ့ တိုက်ခိုက်ရေးရုပ်ရှင်တစ်ခုဖြစ်တဲ့ Black Widow ရုပ်ရှင်ရဲ့ ရုံတင်မယ့်ရက်ကို ရွှေ့ဆိုင်းလိုက်ကြောင်း လတ်တလောမှာ အဆိုပါရုပ်ရှင်ကို ဖြန့်ချိပေးမယ့် ဝေ့ါဒစ်စနေက ထုတ်ပြန်ခဲ့ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုကြောင့် ရုပ်ရှင်ရုံတွေကို ပိတ်ထားခဲ့ရတာကြောင့် လာမယ့် မေ ၁ ရက်မှာ စတင်ရုံတင်သွားဖို့ရာ စီစဉ်ထားတဲ့ အဆိုပါရုပ်ရှင်ရဲ့ ရုံတင်ရက်ကိုလည်း ရွှေ့ဆိုင်းခဲ့တာ ဖြစ်ပါတယ်။ ဒီလိုရုံတင်ရက်ရွှေ့ဆိုင်းကြောင်း မတ် ၁၇ ရက်က ထုတ်ဖော်ပြောကြားခဲ့ပေမယ့် ရွှေ့ဆိုင်းလိုက်တဲ့ ရက်ကိုတော့ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိဘူးလို့လည်း သိရပါတယ်။

ဒါ့အပြင် အဆိုပါကုမ္ပဏီက မေလအတွင်း စတင်ရုံတင်သွားဖို့ရာ စီစဉ်ထားတဲ့ အခြားသော ရုပ်ရှင်တွေကိုလည်း ရုံတင်ရက်ရွှေ့ဆိုင်းခဲ့တယ်လို့ သိရပါတယ်။

ယင်းရုပ်ရှင်တွေကတော့ The Personal Histories of David Copperfield နဲ့ The Woman in the Window တို့ ဖြစ်ကြကြောင်းလည်း သိရပါတယ်။

